မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

1PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# ဒီမိုကရေစီလူထုအုံကြွမှုအရေးတော်ပုံကြီး (၂၁)နှစ်မြောက် (၈) လေးလုံးနှစ်ပတ်လည်နေ့တွင် ပြည်သူလူထုသို့ပန်ကြားလွှာ

၁။ ယနေ့မြန်မာနိုင်ငံတွင် လတ်တလော ပြည်သူလူထု ရင်ဆိုင်နေရသည့် ပြဿနာမှာ ၂၀၀၈ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်၂၀၁၀ရွေးကောက်ပွဲကို မတရားသောအမိန့်အာဏာများဖြင့်ဖိနှိပ်ချုပ်ခြယ်ခြင်းခံ နေကြရသောအခြေအနေ၌ မည်သည့်နည်းလမ်းများဖြင့်ရင်ဆိုင်ဖြေရှင်းကြမည်ဆိုသည့်အချက်ပင်ဖြစ်ပါသည်။

၂။ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံတရပ်အနေဖြင့် မြန်မာ့လွတ်လပ်ရေးကိုအရယူ နိုင်ခဲ့သည့် ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ အခြေခံမူသဘောထားများတွင် နိုင်ငံတစ်နိုင်ငံ၏ တရားဥပဒေစိုးမိုးရေး၌ အဓိကဖြစ်သည့် တရားစီရင်ရေးလွတ်လပ်မှု ကို အပြည့်အဝ အာမခံပေးထားပေသည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လ (၁၉) ရက်နေ့တွင်ကျင်းပသော နေသူရိန်လူ ထုအစည်းအဝေးပွဲကြီး မှ ဖ.တ.ပ.လ အဖွဲ့ချုပ် ကြီး၏ စည်းမျဉ်း (အဖွဲ့ယာယီဖွဲ့စည်းပုံဥပဒေ)ကိုကြေငြာခဲ့ပါသည်။ယင်းဖွဲ့စည်းပုံအမှတ်စဉ်(ဂ)တွင်"ဗမာပြည်ကိုပြည်သူ့ဆန္ဒအတိုင်းပြန်လည်ထူထောင်ရန်ဟုလည်းကောင်း အမှတ်စဉ် (ဃ) တွင် " လူမျိုးအသီးသီးတို့အား မိမိတို့ကံကြမ္မာမိမိတို့ကိုယ်တိုင် ဖန်တီးနိုင်သောအခွင့် အရေးပေးရန်" ဟုလည်းကောင်းဖော်ပြပါရှိပေသည်။

၃။ ၁၉၄၆ ခုနှစ်၊စက်တင်ဘာလ(၁၂)ရက်နေ့နံနက်(၉)နာရီအချိန်တွင်ပြည်သူလူထုနှစ်သိန်းကျော်တက်ရောက်သည့်နေသူရိန်လူထုအစည်းအဝေးပွဲကြီးကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ပေသည်။ညီညွတ်သော လူထုလှုပ်ရှားမှုကြီးကိုမည်သို့မှ တားဆီးပိတ်ပင်နိုင်ခြင်း မရှိတော့သည့်အခြေအနေ သို့ရောက်ရှိသွားသောကြောင့် ဘုရင်ခံဆာဟူးဘတ်ရန့်စ်ကအမှုဆောင်ကောင်စီကိုဖ.ဆ.ပ.လညွှန်ကြားမှုဦးဆောင်ဖွဲ့စည်းရန်လွှဲအပ်ပေးလိုက်ရပေသည်။သပိတ်တိုက်ပွဲ၏ အောင်မြင်သောရလာဒ်ပင်ဖြစ်သည်။

၄။ ထို့နည်းတူစွာပင်(၈)လေးလုံးလူထုအုံကြွမှုကြီးမှာလည်းတပါတီအာဏာရှင်စနစ်ကိုပြိုကျပျက်စီးစေသည်အထိအောင်မြင်မှုရရှိခဲ့သည်ကိုသမိုင်းမှတ်တိုင်များကသက်သေထူလျက်ရှိပေသည်။ပြည်သူလူထု၏ အသက် သွေး ချွေး ပေါင်းမြောက်များစွာပေးအပ်ခဲ့ရသည့် ဒီမိုကရေစီရေးလှုပ်ရှားမှုကြီး၏ သမိုင်းမှတ်တိုင်တစ်ရပ်လည်းဖြစ်ပေသည်။ မတရားသောအမိန့်အာဏာများကို တွန်းလှန်ဖြိုဖျက် ခဲ့သော လှုပ်ရှားမှုကြီးလည်းဖြစ်ပေသည်။

ယနေ့မျက်မှောက်ကာလတွင်လည်း-

ရွေးကောက်ပွဲဆိုင်ရာဥပဒေကိုပြဋ္ဌာန်းလျက် ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲကိုကျင်းပပေးခဲ့သော်လည်း၊ ယင်းရွေးကောက်ပွဲရလာဒ်ကိုအသိအမှတ်မပြုလျစ်လျူရှုခြင်းဖြင့်လည်းကောင်း၊ပြည်သူလူထုသို့ပေးအပ်ထားသော ကတိနှင့်သစ္စာကို ဖောက်ဖျက်နင်းချေပြီး တိုင်းပြည် အကျိုးစီးပွား ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံး စေခြင်းအတွက်၊ န.အ.ဖ အစိုးရ(ယခင် န.ဝ.တ အစိုးရ)၏ လုပ်ရပ်မှန်သမျှကို စနစ်တကျ ဖော်ထုတ်ဆန့်ကျင်ကြရန်လိုအပ်ပါသည်။

၅။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ သည် ဖက်ဒရယ် ပြည်ထောင်စုတရပ် စစ်စစ်မှန်မှန်ပေါ်ထွန်းဖြစ်တည်ရန်မရည်ရွယ်သကဲ့သို့ပင် စစ်မှန်သောဒီမိုကရေစီစနစ် ကို ငြင်းပယ်သည့် ဥပဒေလည်းဖြစ်ပေသည်။ထို့ကြောင့်ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည်မတရားသောဥပဒေသာဖြစ်ပေသည်။ယင်းမတရားသောဖွဲ့စည်းပုံအခြေခံဥပဒေအရ(၂၀၁၀)ရွေးကောက်ပွဲကိုကျင်းပပြုလုပ်ကြမည်ဆိုပါလျှင်မတရားသောအမိန့်အာဏာများသာလျှင်လွှမ်းမိုးပေလိမ့်မည် ဖြစ်သည်။

၆။ မတရားသည့်အမိန့်အာဏာများကိုပြည်သူလူထု၏စုစည်းညီညွတ်မှုအားဖြင့်သာလျှင်တွန်းလှန် ဖယ်ရှားနိုင်မည်ဖြစ်သည်။

၇။ ဥပဒေပညာရပ်များကိုတတ်သိနားလည်ကြသောဥပဒေပညာရှင်များ၊ ဥပဒေပညာဖြင့်အသက်မွေးဝမ်းကြောင်းပြုနေသည့်ရှေ့နေရှေ့ရပ်များသည်၊မတရားသည့်အမိန့်အာဏာများကိုတွန်းလှန်ဖြိုဖျက်ရာတွင်ပြည်သူလူထု ရှေ့မှောက်၌ မားမားမတ်မတ်ရပ်တည်တွန်းလှန်ခဲ့သည့် သမိုင်းမှတ်တမ်းကို (၈) လေးလုံးတိုက်ပွဲဝင်ရှေ့နေများ ကော်မတီဖွဲ့စည်းခဲ့ပြီးတက်ကြွစွာပူးပေါင်းပါဝင်ခဲ့ခြင်းက သက်သေထူလျက်ရှိပေသည်။

၈။ ထို့ကြောင့်ယနေ့မျက်မှောက်ကာလတွင်လည်း န.အ.ဖ အစိုးရ၏ ၂၀၀၈ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ နှင့် အတူ ၂၀၁၀ ရွေးကောက်ပွဲကို ရဟန်းရှင်လူ၊ တိုင်းရင်းသားပြည်သူလူထု အားလုံးတို့နှင့်အတူလက်တွဲလျက် မြန်မာနိုင်ငံရှေ့နေများကောင်စီမှလည်းတော်လှန်တိုက်ပွဲဆင်နွှဲသွားမည်ဖြစ်ကြောင်း နှင့်

စစ်အာဏာရှင်စနစ်ဆိုးကြီးမြန်မာ့မြေပေါ်မှပျက်သုဉ်းပျောက်ကွယ်သွားသည် အထိ နည်းလမ်းပေါင်းစုံဖြင့် တွန်းလှန်ဖြိုဖျက်ကြပါရန် အလေးအ နက် ပန်ကြားအပ်ပါသည်။

၇.၈.၂၀၀၉ | ဥပဒေရေးရာသုံးသပ်ရေးဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အသေးစိတ်သိရှိလိုပါလျှင်
ဦးမျိုး (တာဝန်ခံ)၊ ဥပဒေရေးရာသုံးသပ်ရေးဌာန၊
ဖုန်း- ၀၈၆၂၁၆၀၁၀၈